## အကျဉ်းချုပ်တင်ခြင်း

### Starting a Business

(က) MyCO ID ဖြင့်ဆောင်ရွက်ရာ ကြာမြင့်ချိန် (၁) ရက်ဖြစ်ပြီး ကုန်ကျစရိတ်ကို (၂) သိန်းခွဲ ထိလျှော့ချထားပါသည်။

( ခ ) VAT နှင့်ဆင်တူသော Commercial Tax ကို Register လုပ်ရပါသည်။ ၁-၈-၂၀၁၈ ရက် မှစ၍ DICA နှင့် IRD တို့သည် Register လုပ်ရာတွင် တူညီသော ID နံပါတ်ကို အသုံးပြုခဲ့ပါသည်။

( ဂ ) မြို့နယ် အလုပ်သမားရုံးတွင် မှတ်ပုံတင်ရပြီး (၁) ရက် ကြာမြင့်ပါသည်။

(ဃ) လူမှုဖူလုံရေးအဖွဲ့တွင် မှတ်ပုံတင်ရပြီး (၁) ရက် ကြာမြင့်ပါသည်။

### Protecting Minority Investor

(က) new Myanmar Companies Law ဖြင့် Cover ဖြစ်နိုင်သော အချက်များကို Assessment ပြုလုပ်ရန် World Bank Group သို့ ပေးပို့ပြီး Reform ဖြစ်နိုင်သော အချက်များအား DICA သို့ ပြန်လည်ပေးပို့ထားပြီးဖြစ်ပါသည်။

### Registering Property

(က) စာချုပ်စာတမ်းများ မှတ်ပုံတင်ရန်အတွက် ဆောင်ရွက်ရမည့်အချက်များ (လက်ကမ်းစာဆောင်) ပြုလုပ်ဖြန့်ဝေထားပါသည်။

( ခ ) ပြည်သူအများစာချုပ်စာတမ်းပါ အခွင့်အရေးကို ဥဒေနှင့်အညီ ရရှိပြီး လိမ်လည်ခံရခြင်းမှ ကာကွယ်နိုင်စေရန်အတွက် စာချုပ်စာတမ်း မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ပေး လျက်ရှိပါသည်။

( ဂ ) စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် -

- မှတ်ပုံတင်လိုသည့် စာချုပ်စာတမ်းကို သက်ဆိုင်ရာ စာချုပ်စာတမ်း မှတ်ပုံ တင်ရုံးသို့ တင်ပြရမည်။ ရန်ကုန်မြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ တင်ပြပါက ဝင်စာ ဌာနတွင် နံနက် ၈:၀၀ နာရီမှ ၁၁:၃၀ နာရီအတွင်း တင်ပြ၍ အမှတ်စဉ်ရယူရပါမည်။
- အမှတ်စဉ်ပေးထားသော စာချုပ်များကို အမှတ်စဉ်အလိုက် စစ်ဆေးခြင်း၊ ထပ်ဆင့်ရေးမှတ်ချက်များ ရေးသားခြင်း၊ လက်ဗွေနှိပ်မှတ်ရ

ယူခြင်း၊ မှတ်ပုံတင်ကြေး ပေးသွင်းခြင်းတို့ကို နေ့အတွင်းပြီးစီး အောင် ဆောင်ရွက်ပေးပါသည်။

- ဥပဒေနှင့် ညီညွတ်သည့် စာချုပ်များကို ရုံး၏ မှတ်ပုံတင်စာအုပ်များ တွင် မှတ်တမ်းတင်ခြင်း၊ အပြီးသတ်မှတ်ပုံတင်ပေးခြင်းတို့ ပြုလုပ်ရန် အတွက် ရုံး၌ထားခဲ့ရ မည်ဖြစ်ပြီး၊ စာချုပ်နှင့် မှတ်ပုံတင်ခ ငွေလက်ခံ ရရှိကြောင်း ပြေစာကို ကာယကံရှင်သို့ ထုတ်ပေး ပါမည်။
- သတ်မှတ်သည့်နေ့ရက်တွင် စာချုပ်နှင့် မှတ်ပုံတင်ခငွေ လက်ခံရရှိ ကြောင်း ပြေစာတင်ပြ၍ မိမိ၏ စာချုပ်မူရင်းကို ပြန်လည်ထုတ်ယူနိုင် ပါသည်။
- ဥပဒေနှင့်မညီညွတ်သည့် စာချုပ်များကို မှတ်ပုံတင်ပေးရန် ငြင်းပယ် ကြောင်း မှတ်တမ်းတင်၍ ကာယကံရှင်သို့ နေ့အတွင်း ပြန်လည်ထုတ် ပေးပါမည်။
- ငြင်းပယ်ခြင်းခံရသည့် စာချုပ်ကို မှတ်ပုံတင်လိုပါက တိုင်းဒေသကြီး/ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ အယူခံဝင်ရောက်နိုင် ပါသည်။
- တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေစာချုပ် စာတမ်း မှတ်ပုံတင် အရာရှိက အယူခံမှုကို စစ်ဆေး၍ မှတ်ပုံတင်ရန် ခွင့်ပြုပါ က ရက်ပေါင်း (၃၀) အတွင်း မြို့တော်/ မြို့နယ်စာချုပ်စာတမ်း မှတ်ပုံ တင်အရာရှိထံ တင်ပြ၍ မှတ်ပုံတင်ရပါမည်။
- မှတ်ပုံတင်ပေးရန် ငြင်းပယ်ခြင်းခံရပါက ရက်ပေါင်း (၃၀) အတွင်း သက်ဆိုင်ရာ တရားရုံးတွင် စာချုပ်စာတမ်းမှတ်ပုံတင်ပေးစေလိုမှုဖြင့် တရားစွဲဆိုဆောင်ရွက်ပြီး၊ တရားရုံးက မှတ်ပုံတင်ပေးရန် အမိန့်ချ လျှင် မြို့တော်/မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အရာ ရှိထံ တင်ပြ၍ မှတ်ပုံတင်ရပါမည်။

(ဃ) စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းလုပ်ငန်း၏ ကြာမြင့်ချိန်

- ရန်ကုန်နှင့် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတို့တွင် မှတ်ပုံတင်ခ ပေးသွင်းသည့်နေ့မှ (၁၅) ရက်အတွင်း၊ ကိုယ်စာလှယ်လွှဲစာကို (၅) ရက် အတွင်း စာချုပ်မူရင်း ပြန်လည်ထုတ်ပေးပါမည်။
- ကျန်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများတွင် ဖော်ပြပါ အချိန်ကာထက် လျော့နည်းနိုင်ပါသည်။

( င ) စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း၏ အကျိုးသက်ရောက်မှု

- မှတ်ပုံတင်ထားသော စာချုပ်စာတမ်းသည် စာချုပ် ချုပ်ဆိုသည့်နေ့ရက်မှစ၍ အကျိုးသက်ရောက်သည်။
- စာချုပ်စာတမ်းပါ စည်းကမ်းချက်များနှင့် ဆန့်ကျင်သော နှုတ်ကတိ သို့မဟုတ် အကြောင်းကြားကြေညာချက်ကို လွှမ်းမိုးသည်။

( စ ) စာချုပ်စာတမ်းကို မှတ်ပုံ မတင်ခြင်း၏ အကျိုးသက်ရောက်မှု

မှတ်ပုံတင် မတင်မနေရ စာချုပ်စာတမ်းများကို မှတ်ပုံတင်ခြင်းမပြုလျှင် -

- မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း တို့သည် အကျိုးသက်ရောက်မှုမရှိစေရ။
- ကိတ္တိမသား သမီးမွေးစားခြင်းသည် တရားဝင် အထောက်အထား သက်သေခံချက် မဖြစ်စေရ။
- စာချုပ်စာတမ်းပါ ပစ္စည်းနှင့် သက်ဆိုင်သည့် သို့မဟုတ် အခွင့်အာဏာ ပေးအပ်ချက်သည် တရားဝင်အထောက်အထား သက်သေခံချက် မဖြစ်စေရ။

## Dealing with Construction Permits

(က) Doing Business 2019 တွင် Construction Permits ခွင့်ပြုမိန့်ရရှိရန် Procedure (၁၅) ဆင့်၊ ရက်ပေါင်း (၉၅) ရက် သတ်မှတ်ထားသော်လည်း ကော်မတီမှ ဆောင်ရွက်ပေးနေမှု အခြေအနေမှာ Procedure (၁၁) ဆင့်၊ ရက် ပေါင်း (၃၈) ရက်သာ ကြာမြင့်မည်ဖြစ်ပါသည်။

(ခ) IFC မှ အကြံပြုချက် (၁၃) ချက်တွင် ယနေ့အထိဆောင်ရွက်ပြီးစီးမှု အချက်မှာ (၇) ချက်ရှိပြီး ဆောင်ရွက်ဆဲအချက် (၅) ချက်နှင့် ယာယီအား ဖြင့် ဆောင်ရွက် နိုင်ခြင်းမရှိသေးသည့်အချက် (၁) ချက်ရှိပါသည်။ အရည်အသွေးစစ်ဆေးချက် အမှတ်စာရင်းတွင် ပြုပြင်ပြောင်းလဲပြီး အချက် (၃) ချက်၊ ဆက်လက်ဆောင် ရွက်ရန် လျာထားချက် (၁) ချက် ရှိပါသည်။

(ဂ) အဆောက်အဦခွင့်ပြုမိန့်လုပ်ငန်းစဉ်ကြီး တစ်ခုလုံးကို Risk Based အခြေခံ၍ Automation System ပြုပြင်ပြောင်းလဲခြင်းများ ဆောင်ရွက် နေပြီဖြစ်ပါသဖြင့် ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူဆောင်ရွက်နေသော Dealing with Construction Permits ၏ ရမှတ်မှာ Doing Business 2020 တွင် တိုးတက်လာမည်ဖြစ်ပြီး တာဝန်ရှိသူအဆင့်ဆင့်မှ ကြီးကြပ်ဆောင် ရွက်နေပါသည်။

(ဃ) ကော်မတီ၏ ကြီးကြပ်မှုဖြင့် ပြုပြင်ပြောင်းလဲမှုများအား ဆောင်ရွက်နေ ပါသဖြင့် Doing Business 2020 တွင် ယခင်ရရှိခဲ့သည့် အမှတ်ပေး ဇယားထက် (၅) မှတ်မှ (၁၀) မှတ် အတွင်း တိုးတက်ရန် ရည်မှန်းထား ပြီး ဆောင်ရွက်လျက် ရှိပါသည်။

Getting Electricity

(က) ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၌ SCADA System တင်ဒါခေါ်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ လအကုန်တွင် ပြီးစီးမည်ဖြစ်၍ ၂၀၁၉ ခုနှစ်တွင် Implementation လုပ်ငန်း များ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ် ပါသည်။

(ခ) Line Fault Data များကို Manual ဖြင့်သာ ကောက်ယူ၍ တွက်ချက် နေရသည့် SAIFI, SAIDI တွက်ချက်မှုများအားဆက်လက်ဆောင်ရွက် လျက်ရှိပြီး တွက် ချက်မှုရလာဒ်များအား ဝန်ကြီးဌာန Website တွင် လွှင့်တင်ထားမည် ဖြစ်ပါ သည်။

(ဂ) ဓာတ်အားပြတ်တောက်ခြင်းကို စောင့်ကြည့်သည့်စနစ် အသုံးပြုခြင်း အတွက် Call Centre များဖွင့်လှစ်၍ ဝန်ဆောင်မှုပေးခြင်း၊ Icorn

စက်များ၊ Viber Group များ ဖွင့်၍ ဆက်သွယ် ဆောင်ရွက်ခြင်း၊ Fault Indicator Equipment များ၊ Sectionalizers များ တပ်ဆင်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဆောင် ရွက်ပြီးစီးမှု အခြေအနေများအား ဝန်ကြီးဌာန Website တွင် လွှင့်တင်ထား မည်ဖြစ်ပါသည်။

(ဃ) ဓာတ်အားခွဲရုံအသစ် တည်ဆောက်ခြင်းများ၊ ဓာတ်အားခွဲရုံများ အဆင့် မြှင့်တည်ဆောင်ခြင်းများ၊ Main Transformer များတွင် ဝန်အားမနိုင်မှုကြောင့် ဓာတ်အားလျှော့ချမှုမဖြစ်စေရန် ဝန်အားပမာဏ (Capacity) ပိုမိုကြီးမားလာသည့် Transformer များဖြင့် အစားထိုး တည်ဆောက်ခြင်းများ ဆောက်ရွက်ပါမည်။